## အလုပ်ခေါ်စာ

## (ခေါ်စာအမှတ် - ၁၀၀)

| | |
|---|---|
| **ရာထူး** | **Peer Counselor - ဘ၀တူနှစ်သိမ့်ဆွေးနွေးပေးသူ** |
| **အစီရင်ခံရမည့်သူ** | **Program Officer - သက်ဆိုင်ရာကြီးကြပ်သူ ။** |
| **တာ၀န်ကျရာဒေသ** | ကြည့်မြင်တိုင်မြို့နယ် _ ရန်ကုန်တိုင်းဒေသကြီး ။ တန့်ယန်းမြို့နယ် ၊ ပန်ဆန်းမြို့နယ် ၊ စင့်ကူးမြို့နယ် ၊ မတ္တရာမြို့နယ် _ မန္တလေးတိုင်းဒေသကြီး ။ |
| **ခေါ်ယူမည့် ဦးရေ** | ၅ ဦး |
| **စာချုပ်အမျိုးအစား** | သတ်မှတ်ကာလစာချုပ် (Fixed-Term Contract) |
| **စာချုပ်သက်တမ်း** | ၃ လ စာချုပ် |
| **စီမံကိန်းကာလ** | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မှ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ |
| **အလုပ်စတင်ရမည့်ရက်** | အမြန်ဆုံး |
| **လျှောက်လွှာပိတ်ရက်** | သင့်တော်သူရရှိသည်အထိ လျှောက်လွှာများကို လက်ခံသွားမည်။ |

မြန်မာနိုင်ငံအိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများအသင်း-အမ်ပီဂျီသည် (၂၀၀၅) ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး (၂၀) နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံရှိအိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ၏ ကိုယ့်အားကိုယ်ကိုးအဖွဲ့ (၁၆၀) ကျော်နှင့် ကွန်ရက်ချိတ်ဆက်ကာ အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများ၊ ဦးတည်အုပ်စုဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အရည်အသွေး ပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရန် ကူညီဆောင်ရွက် ပေးနေသော အကျိုးအမြတ်မယူသည့် လူထုဦးဆောင် ပြည်တွင်းလူမှုကွန်ရက် အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ ရွေးကောက် တင်မြှောက်ထားသည့် ဒေသကိုယ်စားလှယ်များ၊ ဦးတည်အုပ်စု ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့များနှင့် အမှုဆောင်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကွန်ရက်ခြေစိုက်ရုံး၊ ရုံးချုပ်၊ နယ်ရုံးခွဲ(၁၂)ရုံးနှင့် စီမံချက်လုပ်ငန်းများအား မြန်မာနိုင်ငံတစ်ဝှမ်းတွင် အိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများ၊ ဦးတည် အုပ်စုဝင်များ၏ စိုးရိမ်ပူပန်မှုများနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအတွက် (၁) စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ (၂) ကွန်ရက် ချိတ်ဆက်ခြင်း၊ (၃) ကိုယ်စားပြုပါဝင် ခြင်း၊ (၄) ခွဲခြားနှိမ့်ချ ဆက်ဆံမှုများလျော့ကျစေရန် ဆောင်ရွက်ခြင်း၊ (၅) အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အခြားသော အိပ်ချ်အိုင်ဗွီ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ (၆) အရေးဆို တင်ပြတောင်းဆိုခြင်း စသည့်ရေရှည်မြဲမြံ တည်တံ့သော လူထုဦးဆောင် မဟာဗျူဟာ နည်းလမ်းများကို သက်ဆိုင်ရာ ကမ္ဘာ့အဆင့်နှင့် ဒေသအဆင့် အဖွဲ့အစည်းအသီးသီးနှင့် အဓိပ္ပါယ်စွာပူးပေါင်း ဆောင်ရွက်မှုဖြင့် ပြည်သူလူထုအား ကိုယ်စားပြု၍ စံပြဦးဆောင်ပါဝင် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အမ်ပီဂျီ၏ ၂၀၂၅ - ၂၀၂၇ မဟာဗျူဟာစီမံကိန်းကာလများအတွင်း အလှူရှင်အသီးသီးနှင့် ရန်ပုံငွေထောက်ပံ့သူများ၏ ပံ့ပိုးမှုဖြင့် စီမံ ချက်မြို့နယ်များတွင် အိပ်ချ်အိုင်ဗွီကာကွယ်တာဆီးရေး၊ ဘဝတူပြုစုကုသစောင့်ရှောက်ရေး၊ လူ့အခွင့်အရေး၊ ဥပဒေရေးရာအကူအ ညီများနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကူညီဝန်ဆောင်မှု လုပ်ငန်းများအား အိပ်ချ်အိုင်ဗွီနှင့် နေထိုင်သူများနှင့် ဦးတည် အုပ်စုများကိုယ်တိုင် ဦးဆောင်သည့် ကျန်းမာရေး လုပ်ငန်းများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမ်ပီဂျီတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် လျှောက်ထားရန် အရည်အချင်း ပြည့်မှီပြီး စိတ်အားထက်သန် သူများကို ဖိတ်ခေါ် အပ်ပါသည်။

## ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ
## စီမံခန့်ခွဲခြင်း

- လူနာများအား အေအာတီဆေးစွဲမြဲစွာသောက်သုံးနိုင်ရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း။
- လူနာများအား အေအာတီဆေးမသောက်မီကာလတွင် ဆေးနှင့်ပတ်သက်သောအကြောင်းအရာများအား နှစ်သိမ့် ဆွေးနွေး ပေးခြင်း။
- လစဉ်အလိုက် ပေးအပ်ထားသော Target များပြည့်မီအောင်ဆောင်ရွက်ခြင်း။
- သက်ဆိုင်ရာ အေအာတီဌာနများတွင် လိုအပ်သောနေ့စဉ်လုပ်ငန်းတာဝန်များအား ကူညီဆောင်ရွက်ပေးခြင်း။
- ဆေးသောက် ပျက်ကွက်လူနာများနှင့် ဆေးခန်းရက်ချိန်း မလာရောက်သော လူနာများအား လိုက်လံရှာဖွေ၍ သက်ဆိုင်ရာ အေအာတီဌာန/ဆင့်ပွားဌာနများနှင့်ချိတ်ဆက်ပေးခြင်း။
- နှစ်သိမ့်ဆွေးနွေးမှု ခံယူသောလူနာများနှင့် သက်ဆိုင်သောအချက်အလက်များပါဝင်သည့် ဖိုင်တွဲများကိုဖြည့်သွင်းရန်၊ စနစ်တကျ သိမ်းဆည်းခြင်း။
- နေ့အလိုက် နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ စာရင်းဇယားများနှင့် အချက်အလက်များဖြည့်သွင်းခြင်း။
- ရုံး၏လုပ်ငန်းဆောင်တာများအောင်မြင်စေရန်အတွက် ရုံးဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း။
- သက်ဆိုင်ရာကြီးကြပ်သူထံသို့ အပတ်စဉ် အချက်အလက်အစီအရင်ခံစာနှင့် လစဉ်အစီရင်ခံစာများ ပေးပို့တင်ပြခြင်း။
- အမ်ပီဂျီ ရုံးခွဲနှင့် ကွန်ရက်ကော်မတီများမှ ဦးဆောင်ပြုလုပ်သောအစည်းအဝေးများ၊ သင်တန်းများ၊ အလုပ်ရုံဆွေး နွေးပွဲများတွင် ရုံးဝန်ထမ်းများ ဒေသကွန်ရက်ကော်မတီဝင်များနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်း။
- လိုအပ်ပါက သီးခြားတာဝန် ပေးအပ်လာမှုများကို ကျေပွန်စွာဆောင်ရွက်ခြင်း။

## လျှောက်ထားမည့်သူများအတွက် အရည်အချင်းသတ်မှတ်ချက်များ

- အနည်းဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။
  (ယခင်လုပ်ငန်းအတွေ့အကြုံများရှိပါက ပညာ အရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။)
- အိပ်ချ်အိုင်ဗွီနှင့် ပတ်သက်သော စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ဖူးသည့်အတွေ့အကြုံရှိရမည်။
- လက်ရှိ စေတနာ့ဝန်ထမ်းလုပ်ကိုင်နေသူ ဦးစားပေးမည်။

## ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ဆိုင်ရာ ကတိကဝတ်များ

အမ်ပီဂျီသည် ခွဲခြားဆက်ဆံမှုကင်းစင်သော လုပ်ငန်းခွင်ကောင်း ဖြစ်ပေါ်စေရန် ကတိကဝတ်ပြုပြီး မတူကွဲ ပြားမှုအားလုံးအပေါ်တွင် တန်ဖိုးထားလျက်ရှိပြီး အလုပ်လျှောက်လွှာပေးပို့သည့် မည်သည့်အလုပ်လျှောက်ထားသူကိုမဆိုနှင့် မည်သည့်ဝန်ထမ်းကိုမဆို ၎င်းတို့၏ လူမျိုး၊ အသားအရောင်၊ လိင် ဖြစ်တည်မှု၊ အသက်အရွယ်၊ မသန်စွမ်းမှုအခြေအနေ၊ အကျဉ်းကျခံထားရသည့်ရာဇဝင်၊ အိမ်ထောင် ရေးအခြေအနေ၊ လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသခံယူမှု (သို့မဟုတ်) လိင်အသွင်သဏ္ဍာန်ဖော်ပြမှု စသည်တို့ကို လေးစားတန်ဖိုးထားပြီး သာတူညီမျှမှုများကိုအခြေခံပါသည်။ အမျိုးသမီးများ၊ အိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများ၊ မသန်စွမ်းသူများ၊ ဦးတည်အုပ်စုနှင့် မတူညီသော လူမှုအသိုင်းအဝိုင်းများမှ ပုဂ္ဂိုလ်များအား လျှောက်ထားရန် အထူးတိုက်တွန်းပါသည်။

အမ်ပီဂျီသည် မိမိတို့ထံမှ ဝန်ဆောင်မှုနှင့် အကျိုးခံစားခွင့်ရှိသူများအပေါ်တွင် အောက်ပါကိစ္စ ရပ်များ ကို လုံးဝ (လုံးဝ) သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်စော်ကားမှုများ၊ နှောင့်ယှက်စော်ကားမှုများ
- ကလေးသူငယ်များအပေါ် အလွဲသုံးစားပြုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း
- ကျား/မ အခြေပြု အကြမ်းဖက်မှုများ
- မသမာမှုနှင့် ခြစားမှုများ

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်နေသောဝန်ထမ်းတိုင်း၏ အရေးကြီးတာဝန်ဖြစ်ပြီး ၎င်း၏အခြေခံမူများ၊ ကျင့်ဝတ်စည်းမျဉ်းများကို အလုပ်ချိန်အတွင်းသာမက အလုပ်ချိန်ပြင်ပတွင်လည်း လိုက်နာ ရပါမည်။

ဝန်ထမ်းအားလုံးသည် အမ်ပီဂျီ၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဘောင်များ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် အဖွဲ့အစည်းဆိုင်ရာမူဝါဒများကို အစဉ်တစိုက် လိုက်နာစောင့်ထိန်းရပါမည်။

**စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက်များ**

- မပြည့်စုံသောလျှောက်လွှာများနှင့် ပိတ်ရက်ကျော်လွန်သည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ပြည့်စုံသောလျှောက်ထားသူများမှ ပဏာမအဆင့်တွင်ပါဝင်သူများကိုသာ နောက်တစ်ဆင့်အတွက် ဆက်သွယ်ပါမည်။
- လိုအပ်ပါကခေါ်ယူထားသည့် အလုပ်ရာထူးအဆင့်ထက် နိမ့်သောအဆင့်ဖြင့်လည်း အဖွဲ့အစည်းမှ ခန့်အပ်ပိုင်ခွင့်ရှိသည်။
- အမ်ပီဂျီဝန်ထမ်းများမှ ပြန်လည်လျှောက်ထားသူသည် လျှောက်လွှာမတင်မီ မိမိကိုယ်ပိုင်အချိန်အတွင်းရာထူးနှင့် သက်ဆိုင် သည့်သတ်မှတ်သင်တန်းများကို ပြီးစီးထားရပါမည်။ ဝန်ထမ်းစာချုပ်ကာလအတွင်းတွင်လည်း မွမ်းမံသင်တန်းများ (သို့မဟုတ်) သင်တန်းအသစ်များလည်း လိုအပ်နိုင်သည်။ ၎င်းသင်တန်းများတက်ရောက်ရန်အတွက် အဖွဲ့အစည်းမှ အထောက်အပံ့ တစ်စုံ တစ်ရာရရှိမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- အမ်ပီဂျီဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးသည် အမ်ပီဂျီ၏ အသင်းအဖွဲ့စည်းမျဥ်း၊ မူဝါဒများနှင့် ညွှန်ကြားချက်များ အပြင်အခြားသော သက်ဆိုင်ရာ တာဝန်ခံမှု မူဘောင်များနှင့်အညီ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရ ပါမည်။ ထို့အပြင် အမ်ပီဂျီ၏တန်ဖိုးများ၊ မဟာဗျူဟာလမ်းစဥ်များနှင့်အညီ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု စံနှုန်းများကို ကောင်းစွာနားလည်သဘောပေါက်လိုက်နာကျင့်သုံးရမည်။
- ခန့်အပ်ရန်လျာထားသူများအားလုံး၏ နောက်ကြောင်းရာဇဝင်စစ်ဆေးမှုများလုပ်ဆောင်ခြင်းသည် အမ်ပီဂျီ၏မူဝါဒဖြစ်ပြီး အလုပ်ရာထူး ကမ်းလှမ်းမှုသည် ၎င်းရလဒ်များနှင့် ကောင်းမွန်သည့်ထောက်ခံချက်များအပေါ် အခြေခံမည်ဖြစ်သည်။
- အကြောင်းတစ်စုံတစ်ရာကြောင့် သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းနှင့် အမ်ပီဂျီအကြား သဘောတူစာချုပ် အပြောင်းအလဲ ဖြစ်ခြင်း၊ စီမံချက်ရတ်တရက်ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း၊ ဝန်ထမ်းဦးရေ နှင့် ရန်ပုံငွေလျှော့ချခြင်းတို့ ဖြစ်ပေါ်ပါက ဤအလုပ်ခေါ် စာအပေါ် ချက်ခြင်းတိုက်ရိုက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သောကြောင့် အဖွဲ့အစည်းအနေဖြင့် ဝန်ထမ်းစာချုပ်ချုပ်ဆိုပြီးစီးသည့်အဆင့် အပါအဝင် မည်သည့်အဆင့်တွင်မဆို ခေါ်ယူခန့်အပ်ခြင်းလုပ်ငန်းစဥ်ကို ပယ်ဖျက်ရန် (သို့မဟုတ်) ရွှေ့ဆိုင်းပိုင်ခွင့်ရှိသည်။
- လျှောက်လွှာတင်သွင်းခြင်းသည် အလုပ်လျှောက်ထားသူအနေဖြင့် အထက်ဖော်ပြပါစည်းမျဥ်းစည်းကမ်းများကို ကောင်းစွာဖတ် ရှုနားလည်၍ လျှောက်ထားခြင်းဖြစ်ကြောင်း သဘောတူပါသည်။

## လျှောက်ထားရန်

\- Apply Here

**Myanmar Positive Group, Head Office (အမ်ပီဂျီရုံးချုပ်)**

အမှတ် ၃/၁၆၊ ကံကော်မြိုင် ၁ လမ်း ၊ ၈ ရပ်ကွက် ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ အလုပ်ခေါ်စာနှင့်ပတ်သက်၍ မေးမြန်းလိုပါက **recruitment@myanmarpositivegroup.org** သို့မဟုတ် ၀၉ ၇၆၅၆၆၂၄၇၁ သို့ ရုံးဖွင့်ရက် တနင်္လာမှ သောကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမ်ပီဂျီ၏ အဖွဲ့အစည်းသမိုင်းကြောင်းနှင့် စီမံကိန်းလုပ်ငန်းစဥ်များအား ပိုမိုလေ့လာသိရှိလိုပါက **www.myanmarpositivegroup.org** သို့ သွားရောက်လေ့လာရန် တိုက်တွန်းပါသည်။